UNIVERSITY OF CAMBRIDGE INTERNATIONAL EXAMINATIONS
General Certificate of Education Ordinary Level

**BURMESE** **3249/01**

Paper 1

October/November 2004

**3 hours**

Additional Materials: Answer Booklet/Paper

**READ THESE INSTRUCTIONS FIRST**

If you have been given an Answer Booklet, follow the instructions on the front cover of the Booklet.
Write your Centre number, candidate number and name on all the work you hand in.
Write in dark blue or black pen on both sides of the paper.
Do not use staples, paper clips, highlighters, glue or correction fluid.

Answer **all** questions.
At the end of the examination, fasten all your work securely together.
The number of marks is given in brackets [ ] at the end of each question or part question.

This document consists of **6** printed pages and **2** blank pages.

SP (CW/TL) S66848/3
© UCLES 2004

UNIVERSITY *of* CAMBRIDGE International Examinations

**[Turn over**

## Section A – Composition

**11** From the topics listed below, write **only two** compositions in **Burmese**, each of about one page in length.

**(a)** What is globalisation? What are the advantages and disadvantages it may bring?

**(b)** Write a letter apologising to a friend for a misunderstanding which might have offended them.

**(c)** What is your favourite poem and why?

**(d)** Describe how it feels to you to travel in an aeroplane.

**(e)** Compose or report a conversation between two students who have just successfully passed their school exams: they are discussing what they will do during the next few years.

[25 x 2]

## Section B – Translation

**2** Translate into **English**. Aim to produce a translation in natural-sounding English which conveys the sense of every word in the Burmese. The text is an excerpt from the short story ဗေဒင်ဆရာ၊ လက္ခဏာဆရာ by the writer မင်းသုဝဏ်။

ခေါင်းပေါင်းကြီးနှင့် ကုလားပျိုတစ်ယောက်ကို မြင်ရသည်။

"လက္ခဏာ ကြည့်မလား၊ ဗေဒင်မေးမလား" ဟု ခပ်ရွံ့ရွံ့ဟန်ဖြင့် သူက လှမ်း၍မေးသည်။ ဗေဒင်ကျော်တွေ ဟောခဲ့သမျှတွင် အမှန်ကနည်း၍ အမှားက အဆမတန် များသည်ကို တွေ့ခဲ့ရသောကြောင့် ဗေဒင်ကို စိတ်နာနေသော ကျွန်တော်မှာ စိတ်ဆိုးချင်မိသည်။ ထို့ကြောင့်

"မကြည့်ချင်ပါဘူး၊ မမေးချင်ပါဘူး" ဟု နှင်သည်။ နှင်ခါမှ သူသည် ရှေ့သို့ ခြေနှစ်လှမ်း သုံးလှမ်း တိုးလာ၍ "ဆရာ့ဆီကို စာတစ်စောင် ရောက်လိမ့်မည်။ ခရီးသွားရလိမ့်မည်။ ဆရာ့နဖူးစာကို ကျွန်တော် မြင်သည်။ ဆရာအင်မတန် ကံကောင်းနေသည်" ဟု ပြောပြန်သည်။

"ကောင်းကောင်းဆိုးဆိုး ငါမကြည့်ဘူး" ဟု ခပ်မာမာပင် ကျွန်တော်က ပြန်ပြောသည်။

"အထက် မန္တလေးဆီက စာလာမည်။ နဖူးစာ အင်မတန် ကောင်းသည့်စာ ဖြစ်သည်" ဟု ပြောပြန်သည်။ ထိုအခါ ကျွန်တော်လည်း "ခေါင်းမာသည့်ကုလားကို ငါသွင်းဦးမည်" ဟူသော အကြံဖြင့် မေးသည်။

"တစ်ခါကြည့်ရင် ဘယ်လောက်လဲ"

"ဘိုလ်ဆိုရင် ငါးကျပ် တောင်းပါတယ်။ ဆရာ့ကိုတော့ သုံးကျပ်ပဲ တောင်းပါတယ်"

"ဘာလဲ"

"မြန်မာလို အင်္ဂလိပ်ကို ဘိုခေါ်တယ် မဟုတ်လား"

[10]

**3** Read through the following passage and then translate it into **Burmese**.

All the children I met in Burma were extraordinarily well-behaved. They never seem to fight. If one child were playing with a toy and a brother or sister came into the room, the first child would offer the toy at once. Compare this with the average Western household where rivalry between brothers and sisters is an established norm and you begin to understand the essential difference between the two forms of upbringing. Even as babies, my children grabbed and snatched things they wanted. In Burma, the first words a child learns are 'You can have it' and 'Please take it'. Practically the first words a Western child learns are 'It's mine'. I shudder to think how long the natural deference of a Burmese child would last in an English playground.

[Text adapted from *A Burmese legacy*, by Sue Arnold, p.168, published by Hodder and Stoughton, UK]

[20]

## Section C – Comprehension

Do **not** translate the passage below. First read the **whole passage** carefully and then answer the questions that follow. The passage is taken from a short piece ဟာဗဒ်တက္ကသိုလ်မှာ မသင်ခဲ့ဖူးပေမဲ့… by ဦးအောင်စိုးမိုး။ [Source: သက်တံရောင်စဥ်ဂျာနယ် အတွဲ(၂) အမှတ်(၇) နိုဝင်ဘာ ၁၅–၃၀ ရက် ၂၀၀၂ ခုနှစ်၊ စာမျက်နှာ (၈)].

"မန္တလေးကို… မန္တလေးကို၊ ဆယ်နာရီထိုးတာနဲ့ ထွက်မယ်။ လာ… လာ…
မန္တလေးမြို့တော်ကို အမြန်ရောက်အောင် ကားလေးနဲ့သွားမယ်"

မိုင်နှစ်ရာကျော်ဝေးတဲ့ မန္တလေးမြို့ကို နေမကုန်ခင်ရောက်ချင်တာမို့ ကားဆရာတစ်ယောက် အော်ခေါ်နေတဲ့ အဲဒီဟိုင်းလတ်ကားလေးနဲ့ လိုက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တယ်။ လက်မှတ်ကြိုဖြတ်မထားတော့ ခရီးသည်တင်ကားကြီးတွေမှာ နေရာရဖို့ကလည်း မလွယ်တော့ဘူး။ ပြီးတော့ အဲဒီကားကြီးတွေက ခပ်ဖြည်းဖြည်းမောင်းတာမို့ ညနေမိုးချုပ်မှ မန္တလေးကို ဝင်ကြတာများတယ်။ ဒါ့ကြောင့် ကားခ နည်းနည်းပိုပေးရတာကို မတွက်တော့ဘဲ ကားလေးပေါ်ကို တက်ထိုင်နေလိုက်တယ်။

"မန္တလေးကို… မန္တလေးကို ဆယ်နာရီ ခွဲတာနဲ့ ထွက်မယ်။ လာ… လာ…၊
မန္တလေးမြို့တော်ကို အမြန်ရောက်အောင် ကားလေးနဲ့သွားမယ်နော်"

ကားဆရာရဲ့ အော်သံကြောင့် ကျွန်တော် လန့်ဖျပ်သွားတယ်။ လက်ကနာရီကိုလည်း အလိုအလျောက်ငုံ့ကြည့်လိုက်မိတယ်။ ဆယ်နာရီထိုးပြီးလို့ ငါးမိနစ်။ အခုမှတော့ ဆယ်နာရီထိုးတာနဲ့ ထွက်မယ်လို့ အော်လို့မဖြစ်။ ကားပေါ်မှာကလည်း ခရီးသည်က သုံးလေးယောက်ပဲ ရှိသေးတာမို့ ထွက်ဦးမယ်မထင်။ လူ့စောင့်ခေါ်ဦးမဲ့ဟန်က ကားဆရာရဲ့မျက်နှာမှာ အထင်းသား။

အဲဒီလိုနဲ့ "၁၁ နာရီထိုးတာနဲ့ တကယ်ထွက်မယ်နော်"လို့ ပြောင်းအော်အပြီး ၁၁ နာရီ ဆယ်မိနစ်မှာတော့ ခရီးသည်ခြောက်ယောက်နဲ့အတူ ကားဂိတ်ကနေ တကယ်ထွက်လာဖြစ်ပါတော့တယ်။ မိုင် ၃၀ လောက်ဝေးတဲ့ မြို့လေးတစ်မြို့ကို ရောက်လာချိန်အထိ ကျွန်တော်တို့ ကားပေါ်မှာ ခရီးသည်က ထူးပြီးတိုးမလာပါဘူး။ လမ်းက ရွာတစ်ရွာကတက်လာတဲ့ ခရီးသည်နှစ်ယောက်ကလည်း အဲဒီမြို့ကလေးအထိပဲ လိုက်လာတဲ့ ခရီးတိုသမားတွေ ဖြစ်တယ်။

ဒီမှာတင် ကားဒရိုင်ဘာနဲ့ စပယ်ယာတို့ ခေါင်းချင်း ရိုက်ပြီး ကျွန်တော်တို့ခရီးသည်တွေအတွက် ကြေညာချက်တစ်ရပ် ထုတ်တော့တယ်။ ကားပျက်လို့ မန္တလေးအထိ ဆက်မောင်းလို့လည်းမရတော့တဲ့အကြောင်း၊ ပိုက်ဆံပြန်လိုချင်တဲ့သူတွေကို ပြန်အမ်းပေးမဲ့အကြောင်းနဲ့ နောက်ရောက်လာတဲ့ ကားတစ်စီးပေါ်ကို ပြောင်းတင်ပေးပါ ဆိုရင်လည်း တင်ပေးမဲ့အကြောင်းတွေ ကြေညာချက်မှာပါတယ်။

© UCLES 2004

ခရီးသည်မရလို့ ဆက်မသွားတော့ဘူးဆိုတာကို ကျွန်တော်တို့ခရီးသည်တွေအားလုံး သဘောပေါက်ကြပါတယ်။ ကားဆရာတွေရဲ့ စကားအပေါ် ကျေနပ်မှုမရှိကြပေမဲ့လည်း လမ်းမှာတစ်ခုခုဖြစ်မှာ စိုးရိမ်ရပါတယ်ဆိုတဲ့ ကားဆရာတွေကို ဆက်မောင်းပေးဖို့ကိုတော့ သယ်သူကမှ အတင်းအကျပ် မတိုက်တွန်းခဲ့ပါဘူး။

ကျွန်တော်လည်း ပေးထားတဲ့ကားခကို ပြန်တောင်း၊ စိတ်ကိုလျှော့လိုက်ပြီး အနားမှာတွေ့ရတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရင်း နောက်ကားတစ်စီး အလာကို စောင့်နေလိုက်တယ်။ ကျန်တဲ့ ခရီးသည်တွေတော့ လမ်းဘေးမှာပဲရပ်ပြီး နောက်ကားစောင့်နေကြတယ်။ နောက်တော့မှ ကျွန်တော်သေသေချာချာ သိလာရတာက အဲဒီကားလေးလိုင်းမှာ ပုံမှန်ဆွဲနေတဲ့ကား အတော်နည်းသွားပြီ ဖြစ်တဲ့အကြောင်း၊ တစ်ချို့ကားတွေကတော့ လူရရင်ဆွဲတယ်၊ လူမရရင် ငွေပြန်အမ်း၊ ကားပြောင်းပေးတတ်ကြတဲ့အကြောင်း၊ ဂိတ်ကနေ အထွက်ပြပြီးရင် ထုတ်လို့ရတဲ့ဆီကို ပြန်ရောင်းစားတာက မန္တလေးအထိ ကားဆွဲရတာထက်တောင် ပိုပြီး တွက်ခြေကိုက်တဲ့အကြောင်း၊ အကြောင်းသိသူတွေက ကားလေးတွေကို မစီးကြတော့တဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။

NB: Write your answers in **colloquial style Burmese** (e.g. ကျွန်တော်က သွားတယ် rather than ကျွန်တော်သည် သွား၏).

**4** ၄။ ကားကလေးနဲ့ မန္တလေးသွားဖို့ စာရေးသူ ဆုံးဖြတ်ဖြစ်အောင် ဘယ်အကြောင်းအရာတွေက – အဆိုးအကောင်းနှစ်ဖက်စလုံး – စေ့ဆော်တွန်းအားပေးပါသလဲ။ [4]

**5** ၅။ "ခရီးတိုသမား"ဆိုတာ စာရေးသူက ဘာဆိုလိုတာပါလဲ။ ဒီဇာတ်လမ်းထဲမှာ ခရီးတိုသမားနှစ်ယောက်က ဘာ့ကြောင့် အရေးပါတဲ့ဇာတ်ကောင်တွေ ဖြစ်နေကြတာလဲ။ [4]

**6** ၆။ "ခေါင်းချင်း ရိုက်"ဆိုတဲ့စကား အဓိပ္ပါယ်က ဘာကို ဆိုလိုပါသလဲ။ ခရီးရဲ့ ဒီအဆင့်ရောက်မှ ဒရိုင်ဘာနဲ့ စပယ်ယာက ဘာ့ကြောင့် ဒီလိုလုပ်ပါသလဲ။ [4]

**7** ၇။ ဘတ်စကား ရပ်ပြီး ခရီးသည်တွေကို ဆင်းခိုင်းလိုက်တဲ့ အကြောင်းက
ဘတ်စကားပေါ်မှာ ကြေညာသွားတဲ့အကြောင်းကြောင့်လား
ဒါမှမဟုတ် စာရေးသူလက်ဖက်ရည်ဆိုင်ထဲထိုင်နေရင်း စဉ်းစားမိတဲ့
အကြောင်းကြောင့်လား။
အပိုဒ်မှာပါတဲ့ အချက်တွေကို သုံးပြီး အဖြေကို ရှင်းလင်းရေးသားပါ။ [4]

**8** ၈။ ဒီစာပိုဒ်ကို ဖတ်ပြီး ရန်ကုန်နဲ့ မန္တလေးဘတ်စကားခရီးမှာ ဘယ်လို
ယေဘုယျပြဿနာတွေ တွေ့နိုင်သလဲ။
ဒီဝန်ဆောင်မှုလုပ်ငန်း ကိုက်အောင် ဘယ်လိုလုပ်နိုင်တယ် ထင်ပါသလဲ။ [4]

**BLANK PAGE**

**BLANK PAGE**

*Copyright Acknowledgements:*

Question 3 © Sue Arnold; *A Burmese Legacy*; page 168, Hodder and Stoughton. Reproduced by permission of Hodder and Stoughton Ltd.

Every reasonable effort has been made to trace all copyright holders. The publishers would be pleased to hear from anyone whose rights we have unwittingly infringed.

University of Cambridge International Examinations is part of the University of Cambridge Local Examinations Syndicate (UCLES), which is itself a department of the University of Cambridge.